# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အလုပ်သမားဝန်ကြီးဌာန
# အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
# ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၈ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဤဦးစီးဌာနမှ ဝန်ထမ်းဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ် ရေးထိုးနိုင်ရမည်။

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ်(အသက်)

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/ တက္ကသိုလ်

(င) အဖအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်ရာထူးနှင့် ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) အမှတ်စဉ်(၁)(က) ပညာအရည်အချင်းအတွက်ဘွဲ့လက်မှတ်မိတ္တူ **(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)**

(ခ) အမှတ်စဉ်(၂)(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ**(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)**

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ **(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)**

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (**ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။**)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ (၁)လအတွင်း ရရှိသည့် ထောက်ခံချက်မူရင်း

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးစစ်ချက်ပုံစံမူရင်း

(ဆ) လွန်ခဲ့သော (၁) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓါတ်ပုံ (၄) ပုံ (၁ $^{၁}/_{၂}$" x ၁ $^{၃}/_{၄}$") (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)

(ဇ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ

(ဈ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာနနှင့် အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာနအဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း

၅။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား အလုပ်သမားဝန်ကြီးဌာန Website www.mol.gov.mm တွင် download ရယူ၍ ထုတ်ယူလျှောက်ထားနိုင်သည်။ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ရုံးအမှတ်(၅၁)နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ အထူးစီးပွားရေးဇုန်ရုံးများနှင့် မြို့နယ်ရုံးများတွင်လည်း ထုတ်ယူလျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာများကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ရုံးအမှတ်(၅၁)နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ အထူးစီးပွားရေးဇုန်ရုံးများနှင့် မြို့နယ်ရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပြီး **၃၁-၁၀-၂၀၂၃** ရက်နေ့ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားရမည်။ သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **၈-၁၁-၂၀၂၃ ရက်နေ့နှင့် ၉-၁၁-၂၀၂၃ ရက်နေ့** ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး ဘွဲ့လက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အလုပ်သမားမှတ်ပုံတင်မူရင်းတို့ မတင်ပြနိုင်ပါက ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည်မဟုတ်ပါ။

၈။ လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာဘာသာရပ်စသည့်အရည်အချင်းစစ်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံနံပါတ်တို့ကို ရုံးအမှတ်(၅၁)၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website www.mol.gov.mm တွင် ကြေငြာပေးထားမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းစစ်စာမေးပွဲအစီအစဉ် -

**အငယ်တန်းစာရေးရာထူး**

(က) **၁၁-၁၁-၂၀၂၃** ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ အထွေထွေဗဟုသုတမေးခွန်းလွှာ၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ

(ခ) **၁၂-၁၁-၂၀၂၃** ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ လူတွေ့စစ်ဆေးခြင်း

၁၁။ အရည်အချင်းစစ်ဆေးရေးစာမေးပွဲကို ရုံးအမှတ်(၅၁)၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ အထူးစီးပွားရေးဇုန်ရုံးများတွင် လျှောက်ထားမှုများအပေါ်တွင် မူတည်၍ ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ ဖုန်း- ၀၆၇-၃၄၃၀၂၈၆ ၊ ၀၆၇-၃၄၃၀၂၉၃ နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။